**Karenni National Progressive Party (KNPP)**
**Headquarters**

P. O. Box 6, A. Muang, Mae Hong Son 58000, Thailand; Email: knpphq2013@gmail.com
Mobile phone: G.S. +66(0) 8 9553 1296, S.1 +66(0) 6 1313 7004, S.2 +66(0) 6 3074 9087

## (၇၄) နှစ်မြောက်၊ ကရင်နီတပ်မတော်နေ့ အခမ်းအနားသို့ ကရင်နီအမျိုးသားတိုးတက်ရေးပါတီ၊ ပါတီဗဟိုဌာနချုပ်၏ ပေးပို့သော သဝဏ်လွှာ

**ကရင်နီအမျိုးသားခုခံတော်လှန်ရေးတပ်ဖွဲ့ဝင်များ၊ တပ်ဗိုလ်၊ တပ်မှူးများနဲ့ ပြည်သူလူထုအပေါင်းတို့ ----**

ယနေ့ ၂၀၂၂ခုနှစ်၊ ဩဂုတ်လ (၁၇) ရက်နေ့မှာ ကျရောက်တဲ့ ကရင်နီတပ်မတော်နေ့ဟာ မိမိတို့ ကရင်နီပြည်ကြီး စစ်အာဏာရှင်တွေရဲ့ မတရားကျူးကျော်စစ်ကိုခံရပြီး မိမိတို့ ကရင်နီအမျိုးသားထု တစ်ရပ်လုံးရဲ့ အချုပ်အခြာ အာဏာနဲ့ ကိုယ်ပိုင်ပြဌာန်းခွင့်၊ အခွင့်အရေးတွေကို ပြန်လည်ရရှိဖို့အတွက် ရရာလက်နက်ကို စွဲကိုင်ပြီး လက်နက်ကိုင် ခုခံတော်လှန်ရေးကို စတင်ဖို့အတွက် ကရင်နီတပ်မတော်ကို စတင် ဖွဲ့စည်းလာခဲ့တဲ့ (၇၄) နှစ်မြောက်နေ့ပဲ ဖြစ်တယ်။

မိမိတို့ ယနေ့ဆင်နွှဲနေတဲ့ ခုခံတော်လှန်ရေးဟာ ကရင်နီတစ်မျိုးသားလုံးရဲ့ပျောက်ဆုံးနေတဲ့ အမျိုးသားဂုဏ်သိက္ခာတွေကို ဖော်ထုတ်ဖို့အပြင် မဟာစစ်ဝါဒီတွေရဲ့ မတရားတဲ့ ကျူးကျော်စစ်ကို ပြန်လည်တွန်းလှန်ခုခံတော်လှန်နေတဲ့ တရားမျှတသော လက်နက်ကိုင်တော်လှန်ရေးဖြစ်တယ်။ မိမိတို့ ဟာ နယ်ချဲ့စစ်အာဏာရှင်များရဲ့လက်အောက်မှာ ကရင်နီပြည်ကြီးရဲ့အချုပ်အခြာအာဏာကို လက်လွတ် ဆုံးရှုံးခဲ့ရပြီး လူမျိုးတစ်မျိုးရဲ့ ဂုဏ်သိက္ခာ၊ လွတ်လပ်မှု၊ တရားမျှတမှုနဲ့အတူ ကိုယ်ပိုင်ပြဌာန်းပိုင်ခွင့် အခွင့်အရေးတွေကို ပျောက်ကွယ်လာခဲ့ရတာ နှစ်ပေါင်း (၇၄) နှစ် တိုင်တိုင် ရှိခဲ့ပြီ ဖြစ်ပါတယ်။ ဒီနှစ်ပေါင်း (၇၄) နှစ် အတွင်းမှာလည်း ခေါင်းဆောင်တွေ၊ တပ်ဗိုလ်၊ တပ်မှူး၊ တပ်သားများနဲ့ အပြစ်မဲ့တဲ့ ကရင်နီ လူမျိုးတွေ အများအပြားဟာလည်း လူမျိုးအတွက် ၊ တိုင်းပြည်အတွက် အသက်သွေးတွေ ပေးဆပ်ခဲ့ရပြီး ဖြစ်တယ်။

ဒီနေ့ အသက်ရှင် ကျန်ရစ်နေတဲ့ မိမိတို့ ကရင်နီအမျိုးသားများဟာ အမျိုးသားရေးအတွက် အသက်ပေးဆပ်သွားခဲ့ရတဲ့ အာဇာနည်ခေါင်းဆောင်တွေ၊ တော်လှန်ရေးသမားတွေနဲ့ ပြည်သူလူထုတွေ အတွက် သမိုင်းကြွေးတွေကျန်ရစ်နေခဲ့ကြပြီဖြစ်ပါတယ်။ အမျိုးသားရေးဆိုတာ အမျိုးသားလို့ ခံယူထား တဲ့ အမျိုးသားတိုင်းနဲ့ သက်ဆိုင်တဲ့အတွက် မည်သူကမျှရှောင်လွှဲလို့ ရတဲ့အရာ မဟုတ်ပါဘူး၊

၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ (၁) ရက်နေ့၊ အကြမ်းဖက် စစ်တပ်က အာဏာသိမ်းပြီးတဲ့ နောက်ပိုင်းမှာလည်း မိမိတို့ တော်လှန်ရေးတပ်ဖွဲ့ဝင်တွေ၊ လူငယ်၊ လူရွယ်တွေ၊ အပြစ်မဲ့ ပြည်သူတွေ အများအပြား ဖိနှိပ်ညှင်းဆဲ၊ သတ်ဖြတ်တာတွေကို ခံခဲ့ရတာ လက်တွေ့ပဲ ဖြစ်ပါတယ်၊ ပြည်သူလူထုတွေရဲ့ အိုးအိမ်၊ ပိုင်ဆိုင်မှုတွေဆုံးရှုံး ပျက်ဆီးခြင်းနဲ့အတူ မိမိတို့ရဲ့ သာယာလှပတဲ့ ကရင်နီမြေဟာလည်း သွေးတွေ ဖုံးလွှမ်းသွားခဲ့ရပြီဖြစ်ပါတယ်။

ကရင်နီအမျိုးသားတွေဟာ အဲဒီလို ပေးဆပ်ခြင်းတွေ၊ ဆုံးရှုံးမှုတွေနဲ့ ခုခံတော်လှန်ရေးကို ဆင်နွှဲနေတာ ဖြစ်တဲ့အတွက်  မိမိတို့ရဲ့ သမိုင်းပေးတာဝန်တွေ မပြီးဆုံးမခြင်း၊ ဆက်လက်တိုက်ပွဲဝင် နေရအုန်းမှာဖြစ်ပါတယ်၊ အခြေအနေ ပတ်ဝန်းကျင် အနေအထားတွေပေါ်မှာ တွေဝေပြီး  မိမိတို့ရဲ့ သမိုင်းပေးတာဝန်တွေကို လစ်လျူရှု၊ မေ့လျော့သွားလို့ မရပါဘူး၊ မိမိတို့ အာဇာနည်များ ဦးဆောင်လမ်းပြခဲ့တဲ့ လမ်းကို ဆက်လက်လျှောက်လှမ်းဖို့ အလိုအပ်ဆုံးအချိန်လဲ ဖြစ်နေပါတယ်။

ဒါကြောင့် ခေါင်းဆောင်များ၊ တပ်ဗိုလ်၊ တပ်မှူးများ၊တပ်သားများနဲ့ မိဘပြည်သူလူထုအပေါင်းတို့အနေနဲ့လည်း မိမိတို့ ကရင်နီအမျိုးသားတွေရဲ့ တရားသောစစ်ကို ဆက်လက်ဆင်နွှဲရင်း၊ ငြိမ်းချမ်းသာယာဝပြောတဲ့ လူ့ဘောင်သစ်တစ်ရပ်ကို အမြန်ဆုံး ပြန်လည် အကောင်အထည် ဖော်နိုင်ကြပါစေလို့ ကရင်နီအမျိုးသားတိုးတက်ရေးပါတီ၊ ပါတီဗဟိုဌာနချုပ်အနေနဲ့ ဒီနေ့ကျရောက်တဲ့ (၇၄) နှစ်မြောက်၊ ကရင်နီတပ်မတော်နေ့ မှာ ဆုမွန်ကောင်းတောင်းရင်း နိဂုံးချုပ် လိုက်ရပါတယ်။

ပါတီဗဟိုဌာနချုပ်
ကရင်နီအမျိုးသားတိုးတက်ရေးပါတီ

ရက်စွဲ၊ ၂၀၂၂ခုနှစ်၊ ဩဂုတ်လ (၁၇) ရက်နေ့